ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန

# ပိုးသတ်ဆေးဥပဒေဆိုင်ရာ
# လုပ်ထုံးလုပ်နည်းများ

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်
(၂၀၁၉ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# စိုက်ပျိုးရေးဦးစီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၂ / ၂၀၁၉
၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်)

စိုက်ပျိုးရေးဦးစီးဌာနသည် ပိုးသတ်ဆေးဥပဒေပုဒ်မ-၄၇၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို ပိုးသတ်ဆေးဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသော စကားရပ်များသည် ပိုးသတ်ဆေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ပိုးသတ်ဆေးဥပဒေကိုဆိုသည်။

(ခ) **ပိုးသတ်ဆေးမှတ်ပုံတင်ခြင်း** ဆိုသည်မှာ၊ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းတစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ပြည်ပမှလည်းကောင်း၊ ပြည်တွင်းမှလည်းကောင်း ထုတ်လုပ်သူ (သို့မဟုတ်) ထုတ်လုပ်သူ၏ တရားဝင်အခွင့်အာဏာ လွှဲအပ်ထားသောသူမှ မှတ်ပုံတင်ပေးရန် လျှောက်ထားလာသည့်အခါမှတ်ပုံတင်အဖွဲ့က ပိုးသတ်ဆေးထိရောက်မှုရှိခြင်း၊ လူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်တို့အား အန္တရာယ်ရှိမှုနည်းခြင်းတို့ကိုအခြေခံ၍ စိစစ်သုံးသပ်ပြီး ကျေနပ်မှုရှိသဖြင့် ယင်းပိုးသတ်ဆေးကို မှတ်ပုံတင်ခွင့်ပြုပေးခြင်းကိုဆိုသည်။

(ဂ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဥပဒေနှင့်အညီ မှတ်ပုံတင်အဖွဲ့က ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ဃ) **မူပိုင်ကုန်အမှတ်တံဆိပ်အမည်** ဆိုသည်မှာ ပိုးသတ်ဆေးအား မှတ်ပုံတင်ထားသည့် မူပိုင်ကုန်အမှတ်တံဆိပ်အဖြစ် သုံးစွဲသည့်အမည်ကို ဆိုသည်။

(င) **ပြင်ဆင်မှတ်ပုံတင်ခြင်း** ဆိုသည်မှာ မှတ်ပုံတင်ထားသည့် ပိုးသတ်ဆေးများနှင့် စပ်လျဉ်း၍ အောက်ပါကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်လို၍ မှတ်ပုံတင်အဖွဲ့သို့ ပြင်ဆင်

မှတ်ပုံတင်ပေးရန် လျှောက်ထားလာသည့်အခါ စိစစ်သုံးသပ်ပြီး မှတ်ပုံတင်အဖွဲ့က ကျေနပ်မှုရှိသဖြင့် ပြင်ဆင်မှတ်ပုံတင်ခွင့်ပြုပေးခြင်းကို ဆိုသည်။

(၁) ဖော်စပ်နည်းပြောင်းလဲခြင်း၊

(၂) အကျိုးသက်ရောက်မှုနယ်ပယ် တိုးချဲ့သုံးစွဲခြင်း၊

(၃) ထုတ်လုပ်သူတစ်ဦး၏ မှတ်ပုံတင်ထားသည့် ပိုးသတ်ဆေးတွင် ပါရှိသော အဆိပ်ရှိပစ္စည်းကို သုံးစွဲ၍ ယင်း၏ခွင့်ပြုချက်ဖြင့် အခြားပုဂ္ဂိုလ်တစ်ဦးက အမည်သစ်ဖြင့် ဖော်စပ်ထုတ်လုပ်ခြင်း။

(စ) **ပိုးသတ်ဆေးဓာတ်ကြွင်း** ဆိုသည်မှာ ပိုးသတ်ဆေးသုံးစွဲခြင်းကြောင့် ရိက္ခာ၊တိရစ္ဆာန် အစာနှင့် ပတ်ဝန်းကျင်တို့တွင် ကျန်ရှိသည့် ဓာတုပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ပိုးသတ်ဆေးတွင်ပါဝင်သည့် အဆိပ်ရှိပစ္စည်း အဆင့်ဆင့် ပြောင်းလဲဖြစ်ပေါ်လာသော ဓာတုပစ္စည်းနှင့် သုံးစွဲသည့်ပိုးသတ်ဆေးကြောင့် ပါဝင်နိုင်သည့် မသန့်စင်သောပစ္စည်းတို့လည်းပါဝင်သည်။

(ဆ) **အမြင့်ဆုံးဓာတ်ကြွင်းပါဝင်မှုသတ်မှတ်ချက်** ဆိုသည်မှာ ရိက္ခာ၊ စိုက်ပျိုးထွက်ပစ္စည်း၊ တိရစ္ဆာန်အစာတို့၌ ရိတ်သိမ်းချိန်၊ သိုလှောင်ချိန်၊ သယ်ယူပို့ဆောင်ချိန်၊ ရောင်းဝယ်ဖောက်ကားချိန်၊ စားသုံးသည့်အဆင့်ထိရိက္ခာပြုပြင်ချိန် စသည်တို့တွင် မှတ်ပုံတင်အဖွဲ့ကခွင့်ပြုသည့် အမြင့်ဆုံးဓာတ်ကြွင်းပါဝင်မှု ပမာဏကို ဆိုသည်။

(ဇ) **ကန့်သတ်ထားသော ပိုးသတ်ဆေးဆိုသည်မှာ** ပိုးသတ်ဆေးကိုင်တွယ် သုံးစွဲခွင့်လက်မှတ်ရသူ ကိုယ်တိုင်ဖြစ်စေ၊ ယင်း၏ကြီးကြပ်မှုဖြင့်ဖြစ်စေ၊ မှတ်ပုံတင်အဖွဲ့က သတ်မှတ်ထားသည့် သုံးစွဲရမည့်ပုံစံနှင့်အညီသာ အသုံးပြုနိုင်သည့် လူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်တို့အား အန္တရာယ်ကြီးမားသော ပိုးသတ်ဆေးများကိုဆိုသည်။

(ဈ) **သုံးစွဲရမည့်ပုံစံ** ဆိုသည်မှာ ပိုးသတ်ဆေးတစ်မျိုးမျိုးအား မှတ်ပုံတင်ပေးသည့်အခါ ယင်းမှတ်ပုံတင်လက်မှတ်တွင် မှတ်ပုံတင်အဖွဲ့က သတ်မှတ်ပေးသည့် သုံးစွဲရမည့် နည်းလမ်းများကို ဆိုသည်။

(ည) **ပုံစံများ** ဆိုသည်မှာ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသော ပုံစံများကို ဆိုသည်။

(ဋ) **ပိုးသတ်ဆေးဖြန့်ဖြူးရောင်းချခြင်း** ဆိုသည်မှာ မှတ်ပုံတင်ရရှိထားသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း တစ်မျိုးမျိုးအား ထုတ်လုပ်သူ၏ သဘောတူညီချက်ဖြင့် ပြည်တွင်းသို့ တင်သွင်း ဖြန့်ဖြူး ရောင်းချခွင့်ပြုခြင်းကို ဆိုသည်။

## အခန်း(၂)
## မှတ်ပုံတင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ခြင်း

၃။ မှတ်ပုံတင်အဖွဲ့သည် ဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရန် အစည်းအဝေးကို ခြောက်လလျှင်တစ်ကြိမ် ပြုလုပ်ရမည်။ သို့ရာတွင် ဥက္ကဋ္ဌက လိုအပ်သည်ဟုယူဆလျှင် မည်သည့်အချိန်တွင်မဆို အစည်းအဝေးပြုလုပ်နိုင်သည်။ ယင်းအစည်းအဝေးတွင် လိုအပ်ပါက ပြင်ပကျွမ်းကျင်သူပညာရှင်များကိုလည်းကောင်း၊ မှတ်ပုံတင်လျှောက်ထားသူကိုလည်းကောင်း တက်ရောက်ရန် ဖိတ်ကြားနိုင်သည်။

၄။ မှတ်ပုံတင်အဖွဲ့ အစည်းအဝေးတွင် ဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌ အစည်းအဝေးမတက်ရောက်နိုင်သည့်အခါ ယင်းကတာဝန်ပေးအပ်သူ အဖွဲ့ဝင်တစ်ဦးက သဘာပတိ အဖြစ် ဆောင်ရွက်နိုင်ပြီး အဖွဲ့ဝင်များကိုယ်တိုင် တက်ရောက်ရမည်။

၅။ အဖွဲ့ဝင်ဦးရေ ထက်ဝက်ထက်ပို၍ တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။

၆။ မှတ်ပုံတင်အဖွဲ့၏ အစည်းအဝေးများတွင် မှတ်ပုံတင်ထုတ်ပေးသည့် ဆုံးဖြတ်ချက်မှအပ ကျန်ဆုံးဖြတ်ချက်များကို အဖွဲ့ဝင်အနည်းဆုံး ၆၀ ရာခိုင်နှုန်း၏ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။ ထောက်ခံမဲနှင့် ကန့်ကွက်မဲ တူညီနေသည့်ကိစ္စရပ်တွင် သဘာပတိက အဆုံးအဖြတ်မဲပေးနိုင်သည်။ မှတ်ပုံတင်ထုတ်ပေးရန် ဆုံးဖြတ်သည့်ကိစ္စတွင်မူ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ဝင်များက မဲပေးဆုံး ဖြတ်ခွင့်ရှိပြီး အဖွဲ့ဝင် အနည်းဆုံး ၇၅ ရာခိုင်နှုန်းက သဘောတူမှသာလျှင် အတည်ဖြစ်သည်။

၇။ မှတ်ပုံတင်အဖွဲ့သည် မိမိလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင်-

(က) ပိုးသတ်ဆေး၊ပိုးသတ်ဆေးတွင် ပါဝင်သော အဆိပ်ရှိပစ္စည်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင် လက်မှတ်တစ်မျိုးမျိုးရရှိရန်လျှောက်ထားသည့်အခါတင်ပြရန်လိုအပ်သောအထောက် အထားအချက်အလက်များကို သတ်မှတ်ပေးရမည်။

(ခ) လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ပြင်ပပညာရှင်များထံမှလည်း အကြံဉာဏ်ရယူနိုင်သည်။

၈။ မှတ်ပုံတင်အဖွဲ့သည် ပိုးသတ်ဆေး၊ ပိုးသတ်ဆေးတွင်ပါဝင်သော အဆိပ်ရှိပစ္စည်း မှတ်ပုံတင် ခြင်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်လျှောက်ထားခြင်း၊ ပြင်ဆင်မှတ်ပုံတင်ပေးရန် လျှောက်ထားခြင်း၊ မှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားခြင်းကိစ္စရပ်များကို စိစစ်သုံးသပ်ပြီးနောက် အောက်ပါဆောင် ရွက်မှု တစ်ရပ်ရပ်ကို ပြုလုပ်နိုင်သည်။

(က) လျှောက်ထားသူထံမှ ထပ်မံတောင်းခံထားသည့် အချက်အလက်များရရှိသည်အထိ လျှောက်လွှာကို ဆိုင်းငံ့ထားခြင်း၊

(ခ) မှတ်ပုံတင်ထုတ်ပေးခြင်း၊ သက်တမ်းတိုးထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) အဆိပ်အတောက်ဖြစ်စေနိုင်မှုများလျှင်၊ ဖျက်ပိုးများအပေါ် ထိရောက်မှုမရှိလျှင်၊ လူ၊ တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်တို့အား အန္တရာယ်ရှိလျှင် လျှောက်လွှာကို ငြင်း ပယ်ခြင်း။

၉။ မှတ်ပုံတင်အဖွဲ့သည် မှတ်ပုံတင်ထုတ်ပေးသည့်အခါ မှတ်ပုံတင်လက်မှတ်တွင် အောက်ပါ အချက်များကို သတ်မှတ်ဖော်ပြပေးရမည်-

(က) မှတ်ပုံတင်သက်တမ်း

(ခ) မှတ်ပုံတင်အမျိုးအစားနှင့်မှတ်ပုံတင်အမှတ်၊

(ဂ) ကုန်သွယ်မှုအမည်၊

(ဃ) ထုတ်လုပ်သည့်ကုမ္ပဏီအမည်/နိုင်ငံ၊

(င) မှတ်ပုံတင်ခွင့်ပြုချက်ရသူ/အဖွဲ့အစည်း/ကုမ္ပဏီအမည်၊

(စ) အဆိပ်ရှိပစ္စည်း၏အမည်၊

(ဆ) အဆိပ်ရှိပစ္စည်းများပါဝင်မှုနှင့် ပြင်းအား

(ဓ) အရည်အသွေးဆိုင်ရာ စံနှုန်းများ၊
(ဈ) ထည့်သွင်းထုပ်ပိုးပစ္စည်း အမျိုးအစားနှင့်အရွယ်
(ည) သုံးစွဲရမည့်ပုံစံ၊
(ဋ) သုံးစွဲမှုကန့်သတ်ချက်၊
(ဌ) မှတ်ပုံတင်ထားသော မရိုတ်သိမ်းမီ စောင့်ဆိုင်းရမည့်ကာလနှင့် ခွင့်ပြုထားသော အမြင့်ဆုံးဓါတ်ကြွင်းပါဝင်မှု၊

၁၀။ မှတ်ပုံတင်အဖွဲ့သည် အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်း၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း၊ စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ၊ အများပြည်သူက စိုက်ပျိုးရေး လုပ်ငန်းတွင်လည်းကောင်း၊ မြို့ရွာသန့်ရှင်းရေးနှင့် ခြင်၊ ယင်၊ ကြွက်နှင့် အိမ်တွင်းပိုးမွှားများ၊ အခြားပိုးမွှားများနှိမ်နင်းရေးလုပ်ငန်းများတွင်လည်းကောင်း သုံးစွဲသောပိုးသတ်ဆေးနှင့် သုံးစွဲနည်း တို့နှင့်စပ်လျဥ်း၍ လူ၊ တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်တို့အား အန္တရာယ်မရှိစေရန် လိုအပ်သည့် အမိန့်၊ ညွှန်ကြားချက်များကို အခါအားလျော်စွာ ထုတ်ပြန်နိုင်သည်။

၁၁။ မှတ်ပုံတင်အဖွဲ့သည်ပိုးသတ်ဆေး၊ ပိုးသတ်ဆေးတွင်ပါဝင်သောအဆိပ်ရှိပစ္စည်း စစ်ဆေး သည့်ဓာတ်ခွဲခန်းများအား အသိအမှတ်ပြုရေး၊ လယ်ယာနှင့်သစ်တောထွက် ပြည်ပပို့ကုန်ပစ္စည်းများ နှင့်အခြားပစ္စည်းများ၊ သိုလှောင်သီးနှံများကိုပိုးသတ်ခြင်း၊ လူနေအိမ်ဝန်းကျင်များ၊ သိုလှောင်သည့် နေရာ၊ ဂိုဒေါင်နှင့် အဆောက်အအုံများ၊ သယ်ဆောင်သည့် ယာဉ်နှင့် ကုန်သေတ္တာများတွင် ပိုးသတ် ဆေးပက်ဖျန်းခြင်း သို့မဟုတ် ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်း အသိအမှတ်ပြု လိုင်စင်ခွင့်ပြုနိုင်ရေး အတွက် လိုအပ်သည့်သတ်မှတ်ချက်များနှင့်စပ်လျဥ်း၍ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၂။ မှတ်ပုံတင်ခွင့်ပြုထားသော ပိုးသတ်ဆေး၊ ပိုးသတ်ဆေးတွင်ပါဝင်သော အဆိပ်ရှိပစ္စည်းသည် ပြည်တွင်းပြည်ပမှ ထပ်မံရရှိသော အချက်အလက်များအရ လူ၊ တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင် အား အန္တရာယ်ဖြစ်စေနိုင်သည်ဟု သိရှိရပါက မှတ်ပုံတင်အဖွဲ့သည် ထိုပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုကို တားမြစ်ရမည်။ လိုအပ်ပါက မှတ်ပုံတင်လက်မှတ် ကိုရုတ်သိမ်းခြင်းပြုနိုင်သည်။ မှတ်ပုံတင်ခွင့်ပြုချက်ရသူက မှတ်ပုံတင်ပယ်ဖျက်ပေးရန် တောင်းဆို လာလျှင် ပယ်ဖျက်နိုင်သည်။

၁၃။ မှတ်ပုံတင်အဖွဲ့သည် မိမိဆောင်ရွက်ချက်များကို ဝန်ကြီးဌာနသို့ အခါအားလျော်စွာ တင်ပြ အစီရင်ခံရမည်။

၁၄။ မှတ်ပုံတင်ခွင့်ပြုချက်ရရှိထားသူက တင်သွင်းသူ/ဖြန့်ဖြူးသူ အမည်ပြောင်းရန်၊ ကုန်ပစ္စည်း အမှတ်တံဆိပ်ဖော်ပြချက်များ ပြောင်းလဲရန် တင်ပြလာပါက စိစစ်ခွင့်ပြုပေးရမည်။

## အခန်း (၃)
## မှတ်ပုံတင်လျှောက်ထားခြင်းနှင့် လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၁၅။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း မှတ်ပုံတင်လျှောက်ထားသူသည် ပုံစံ(၁)ကို ပြည့် စုံစွာဖြည့်သွင်း၍ လိုအပ်သောနည်းပညာဆိုင်ရာ အထောက်အကူပြုစာရွက်စာတမ်းများ၊ အာနိသင်

ထိရောက်မှု၊ ဓာတ်ကြွင်းစမ်းသပ်ကွက် ဆောင်ရွက်ရန်နှင့် အရည်အသွေးစစ်ဆေးရန် နမူနာပစ္စည်းများပူးတွဲလျှက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့ လျှောက်ထားရမည်။

၁၆။ မှတ်ပုံတင်ခွင့် ရရှိထားသော ပိုးသတ်ဆေးတစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ပြင်ဆင်မှတ်ပုံတင်ခြင်းကိစ္စကို ဆောင်ရွက်လိုသူသည် ပုံစံ(၁)ကိုပင် ပြည့်စုံစွာ ဖြည့်သွင်း၍ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့ လျှောက်ထားရမည်။

၁၇။ ပိုးသတ်ဆေးမှတ်ပုံတင်လျှောက်ထားသူသည် ဓာတ်ခွဲစစ်ဆေးခကိုလည်းကောင်း ၊မှတ်ပုံတင်ခွင့်ပြုချက်ရရှိပါက မှတ်ပုံတင်အမျိုးအစားအလိုက် မှတ်ပုံတင်ခများကိုလည်းကောင်း သတ်မှတ်သည့်နှုန်းထားနှင့် သတ်မှတ်သည့်နည်းလမ်းများအတိုင်း မြန်မာကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၈။ မှတ်ပုံတင်အဖွဲ့သည် အပိုဒ် ၁၅ သို့မဟုတ် အပိုဒ် ၁၆ အရ လျှောက်ထားလာသည့်ကိစ္စနှင့် စပ်လျဉ်း၍ မှတ်ပုံတင်ခွင့်ပြုပါက **ပုံစံ (၂)** ဖြင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

၁၉။ မှတ်ပုံတင်ခွင့်ရရှိထားသော ပိုးသတ်ဆေးတစ်မျိုးမျိုး၏ တင်သွင်းသူအမည်၊ ဖြန့်ဖြူးသူအမည်၊ ထုတ်လုပ်သူအမည်နှင့် ကုန်သွယ်မှုအမည်များ ပြောင်းလဲလိုလျှင် ပြင်ဆင်မှတ်ပုံတင်လျှောက်ထားရန်မလိုဘဲ ဈေးကွက်အတွင်းသို့ မဖြန့်ဖြူးမီ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ ခွင့်ပြုချက်ကိုရယူရန် ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ရုံးမှ သတ်မှတ်ထားသော ဆောင်ရွက်ရမည့်အချက်များနှင့် လျှောက်ထားရမည် ဖြစ်ပါသည်။

၂၀။ ပိုးသတ်ဆေးမှတ်ပုံတင်လျှောက်ထားစဉ် ပူးတွဲတင်ပြရသည့် အညွှန်းစာနှင့် ပတ်သက်၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရပါမည်။

(က) မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရမည်။
(ခ) မှတ်ပုံတင်ခွင့်ရရှိပြီးပါကဈေးကွက်တင်မည့်အညွှန်းစာကိုမြန်မာစာဖြင့်သာ တင်သွင်းဖြန့်ဖြူးရမည်။
(ဂ) မှတ်ပုံတင်ခွင့်ရရှိပြီးသော အညွှန်းစာပါ အချက်အလက် တစ်စုံတစ်ရာအားလည်းကောင်း၊ ပုံသဏ္ဍာန်အားလည်းကောင်း ပြောင်းလဲလိုပါက ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ရုံးမှ သတ်မှတ်ထားသော ဆောင်ရွက်ရမည့် အချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည် ။ ပုံသဏ္ဍာန်တစ်မျိုးတည်း ဖြစ်ရမည်။

၂၁။ မှတ်ပုံတင်ထားသည့် ပိုးသတ်ဆေး၊ ပိုးသတ်ဆေးတွင်ပါဝင်သောအဆိပ်ရှိပစ္စည်း တင်သွင်းလိုလျှင် တင်သွင်းခြင်းမပြုမီ အောက်ပါအချက်အလက်များကို တင်သွင်းသူက ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့ ကြိုတင်၍ တင်ပြရမည်။

(က) ပိုးသတ်ဆေး၊ ပိုးသတ်ဆေးတွင်ပါဝင်သော အဆိပ်ရှိပစ္စည်း သိုလှောင်/ဖြန့်ဖြူးမည့်နေရာဒေသ၏ လိပ်စာ၊
(ခ) အဆောက်အအုံအမျိုးအစား၊
(ဂ) အဆောက်အအုံ၏အကျယ်အဝန်း၊
(ဃ) လက်ကားရောင်းချမည့်ပုဂ္ဂိုလ်/ အဖွဲ့အစည်းများ၏ အမည်နှင့်နေရပ်လိပ်စာ၊

(င) ပိုးသတ်ဆေး၊ ပိုးသတ်ဆေးတွင်ပါဝင်သောအဆိပ်ရှိပစ္စည်း ကိုင်တွယ်မည့်သူများ၏ အမည်နှင့် အဆိပ်အတောက်များကို အန္တရာယ်ကင်းရှင်းစွာ ကိုင်ဆောင်ခွင့်ရှိခြင်းနှင့် စပ်လျဉ်း၍ ရရှိထားသည့် အထောက်အထားများ၊

(စ) ပိုးသတ်ဆေး ကိုင်တွယ်မည့်သူ၏ ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့်လက်မှတ်မိတ္တူ၊

(ဆ) မှတ်ပုံတင်အဖွဲ့မှအတည်ပြုထားသော မြန်မာအညွှန်းစာ နမူနာပုံစံ။

(ဇ) ပိုးသတ်ဆေးဖော်စပ်ထုတ်လုပ်ရာတွင် အသုံးပြုမည့် အဆိပ်ရှိပစ္စည်းအား တင်သွင်းသူသည် ဖော်စပ်ထုတ်လုပ်ခွင့်လိုင်စင်ကိုင်ဆောင်ထားသူကိုသာ ယင်းအဆိပ်ရှိပစ္စည်းအား ဖြန့်ဖြူးရမည်။ ပိုးသတ်ဆေး ဖော်စပ်ထုတ်လုပ်လိုသောသူ၏ပိုးသတ်ဆေးသည်လည်း မှတ်ပုံတင်ခွင့်ပြုချက် ရရှိထားပြီးဖြစ်ရမည်။

၂၂။ ပြည်ပမှတင်သွင်းသော အဆိပ်ရှိပစ္စည်းကို ပြည်တွင်းတွင် ပိုးသတ်ဆေးအဖြစ် ဖော်စပ်ရောင်းချသည့်လုပ်ငန်းကို လုပ်ကိုင်လိုသူသည် **ပုံစံ (၃)** ကို ပြည့်စုံစွာ ဖြည့်သွင်း၍ ညွှန်ကြားရေးမှူးချုပ်သို့ လျှောက်ထားရမည်။

၂၃။ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၂၂ အရ လျှောက်ထားလာသော လျှောက်လွှာများနှင့် စပ်လျဉ်း၍ စိစစ်ပြီးနောက် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ထပ်မံလိုအပ်သည့် အထောက်အထား အချက်အလက်များကို လျှောက်ထားသူထံမှ တောင်းခံခြင်း၊

(ခ) လိုင်စင်ထုတ်ပေးခြင်း၊ သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) အခြားသင့်သည်ဟု ထင်မြင်ယူဆသည့် အမိန့်တစ်ရပ်ရပ်ချမှတ်ခြင်း။

၂၄။ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၂၂ အရ လျှောက်ထားလာသည့်ကိစ္စနှင့် စပ်လျဉ်း၍ လိုင်စင်ထုတ်ပေးပါက **ပုံစံ(၄)** ဖြင့် လိုင်စင်ထုတ်ပေးရမည်။

၂၅။ ပြည်ပမှပြည်တွင်းသို့ တင်သွင်းလာသည့် မှတ်ပုံတင်ထားသော ပိုးသတ်ဆေးများကိုလည်းကောင်း၊ ပြည်တွင်းတွင်မှတ်ပုံတင်ထားပြီး ဖော်စပ်ထုတ်လုပ်သည့် ပိုးသတ်ဆေးကိုလည်းကောင်း ပြန်လည်ထုပ်ပိုး ရောင်းချသည့်လုပ်ငန်းကို လုပ်ကိုင်လိုသူသည် **ပုံစံ(၅)** ကို ပြည့်စုံစွာဖြည့်သွင်း၍ ညွှန်ကြားရေးမှူးချုပ်သို့ လျှောက်ထားရမည်။

၂၆။ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၂၅ အရ လျှောက်ထားလာသော လျှောက်လွှာများနှင့်စပ်လျဉ်း၍ စိစစ်ပြီးနောက် အောက်ပါအမိန့်တစ်ရပ်ရပ်ကိုချမှတ်နိုင်သည်-

(က) ထပ်မံလိုအပ်သည့် အထောက်အထား အချက်အလက်များကို လျှောက်ထားသူထံမှ တောင်းခံခြင်း၊

(ခ) လိုင်စင်ထုတ်ပေးခြင်း၊ သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) အခြားသင့်သည်ဟု ထင်မြင်ယူဆသည့် အမိန့်တစ်ရပ်ရပ်ချမှတ်ခြင်း။

၂၇။ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၂၅ အရ လျှောက်ထားလာသည့်ကိစ္စနှင့် စပ်လျဉ်း၍ လိုင်စင်ထုတ်ပေးပါက **ပုံစံ(၆)** ဖြင့် လိုင်စင်ထုတ်ပေးရမည်။

၂၈။ ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် **ပုံစံ(၇)** ကို ပြည့်စုံစွာ ဖြည့်သွင်း၍ ညွှန်ကြားရေးမှူးချုပ်သို့ လျှောက်ထားရမည်။

၂၉။ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၂၈အရ လျှောက်ထားလာသော လျှောက်လွှာများနှင့် စပ်လျဉ်း၍ စိစစ်ပြီးနောက် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ထပ်မံလိုအပ်သည့် အထောက်အထားအချက်အလက်များကို လျှောက်ထားသူထံမှ တောင်းခံခြင်း၊

(ခ) လိုင်စင်ထုတ်ပေးခြင်း၊ သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) အခြားသင့်သည်ဟု ထင်မြင်ယူဆသည့် အမိန့်တစ်ရပ်ရပ်ချမှတ်ခြင်း။

၃၀။ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၂၈ အရ လျှောက်ထားလာသည့်ကိစ္စနှင့် စပ်လျဉ်း၍ လိုင်စင်ထုတ်ပေးပါက **ပုံစံ(၈)** ဖြင့်လိုင်စင်ထုတ်ပေးရမည်။

၃၁။ ပိုးသတ်ဆေးကို လက်လီလက်ကားရောင်းချလိုသူသည် **ပုံစံ(၉)**ကို ပြည့်စုံစွာ ဖြည့်သွင်း၍ သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးထံသို့ လျှောက်ထားရမည်။ သို့ရာတွင် အပိုဒ် ၂၁ သို့မဟုတ် အပိုဒ် ၂၄ အရ လျှောက်ထားပြီးနောက် လိုင်စင်ရရှိသူသည် တိုက်ရိုက်ဖြန့်ဖြူး ရောင်းချသည့်ကိစ္စတွင်မူ အပိုဒ် ၃၁ အရ ထပ်မံလျှောက်ထားရန် မလို။

၃၂။ အပိုဒ်၃၁အရ လိုင်စင်လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ လက်လီလက်ကား အရောင်းဆိုင်သည် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်၊ စားသောက်ကုန်ဆိုင် စသည့်ပတ်ဝန်းကျင် အန္တရာယ်ကင်းကြောင်း သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၃၃။ သက်ဆိုင်ရာခရိုင်ဦးစီးမှူးသည် အပိုဒ် ၃၁ အရ လျှောက်ထားလာသော လျှောက်လွှာများနှင့် စပ်လျဉ်း၍ စိစစ်ပြီးနောက် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ထပ်မံလိုအပ်သည့် အထောက်အထားအချက်အလက်များကို လျှောက်ထားသူထံမှ တောင်းခံခြင်း၊

(ခ) လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) အခြားသင့်သည်ဟု ထင်မြင်ယူဆသည့် အမိန့်တစ်ရပ်ရပ်ချမှတ်ခြင်း။

၃၄။ သက်ဆိုင်ရာခရိုင်ဦးစီးမှူးသည် အပိုဒ် ၃၁ အရ လျှောက်ထားလာသည့်ကိစ္စနှင့်စပ်လျဉ်း၍ လိုင်စင် ထုတ်ပေးပါက **ပုံစံ(၁၀)** ဖြင့် လိုင်စင်ထုတ်ပေးရမည်။

၃၅။ ပိုးသတ်ဆေးတင်သွင်းဖြန့်ဖြူးသူ၊ လက်လီလက်ကားရောင်းချသူ၊ ပြည်လည်ထုပ်ပိုးရောင်းချသူ၊ ဖော်စပ်ထုတ်လုပ်ရောင်းချသူနှင့် ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်း လုပ်ကိုင်သူအားလုံးသည် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့မှ ကြီးမှူးဖွင့်လှစ်သော ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲသူ သင်တန်းတက်ရောက်ပြီးဖြစ်ရမည်။

## အခန်း(၄)
## ပိုးသတ်ဆေးတင်သွင်းသူ လိုက်နာရမည့်အချက်များ

၃၆။ မှတ်ပုံတင်ထားသည့် ပိုးသတ်ဆေးကိုတင်သွင်းသူက အောက်ပါအချက်များကို လိုက်နာရမည်-

(က) ပြည်ပမှတင်သွင်းသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းများ ရောက်ရှိလာပြီးနောက် စိုက်ပျိုးရေးဦးစီးဌာန၏ စစ်ဆေးမှုကို မပျက်မကွက် ခံယူရမည်။ အရည်အသွေးစစ်ဆေးရန်အတွက် နမူနာရယူရန် သတ်မှတ်သည့် နည်းလမ်းအတိုင်း သတ်မှတ်ထားသည့် နမူနာအရေအတွက် သို့မဟုတ် အလေးချိန်ကို စစ်ဆေးရေးမှူးအား အခမဲ့ရယူခွင့်ပြုရမည်၊

(ခ) သတ်မှတ်ထားသည့် လျှောက်လွှာပုံစံ (၁၁) ကို ဖြည့်စွက်၍ နမူနာယူသည့်လက်မှတ်ပုံစံ(၁၂) ကို စစ်ဆေးရေးမှူးထံမှ တောင်းခံရမည်၊

(ဂ) ပိုးသတ်ဆေးများကို မှတ်ပုံတင်အဖွဲ့က ထုတ်ပြန်သည့် လမ်းညွှန်ချက်များအတိုင်း အန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်စေခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် သိုလှောင်ထိန်းသိမ်းခြင်း ပြုရမည်၊

(ဃ) ပိုးသတ်ဆေး ဖြန့်ဖြူးရောင်းချခြင်းပြုလုပ်ရာတွင် လိုင်စင်ရရှိသူများကိုသာ ရောင်းချခြင်း၊ အရောင်းပြေစာထားရှိခြင်း၊ ပိုးသတ်ဆေးအမျိုးအစားအလိုက် အရောင်းမှတ်ပုံတင် ဖွင့်လှစ်၍ ရေးသွင်းခြင်း၊ အရောင်းမှတ်တမ်းထားခြင်းပြုရမည်၊

(င) ပိုးသတ်ဆေးသိုလှောင်သည့်အဆောက်အအုံ၏ မြင်သာသောနေရာတွင် "**အန္တရာယ်ရှိသည်**" ဆိုသည့်စာတန်းကို ထင်ရှားစွာ ချိတ်ဆွဲထားရမည်၊

(စ) ပိုးသတ်ဆေးအထုတ်အသွင်း မပြုလုပ်သည့်အချိန်တွင် သိုလှောင်ရုံကို လုံခြုံစွာ သော့ခတ်ထားရမည်၊

(ဆ) ပိုးသတ်ဆေးအတင်အချပြုလုပ်ရာတွင် အန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်တတ်သူ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်၊

(ဇ) ပိုးသတ်ဆေးသိုလှောင်ရုံ၏ တည်နေရာနှင့် သိုလှောင်ထားသည့် အမျိုးအစားနှင့် အများဆုံးသိုလှောင်နိုင်သည့်ပမာဏကို အနီးဆုံးမီးသတ်စခန်းသို့ လစဉ်ပေးပို့ထားရမည်၊

(ဈ) ပိုးသတ်ဆေးများကို လူနေအိမ်ခန်းများ၊ ပတ်ဝန်းကျင်အန္တရာယ်ဖြစ်စေနိုင်သောနေရာများတွင် သိုလှောင်ထားရှိခြင်းမပြုရ၊

(ည) အကြောင်းတစ်ခုခုကြောင့် စွန့်ပစ်ရန်ရှိသောပိုးသတ်ဆေး၊ အဆိပ်ရှိပစ္စည်း သို့မဟုတ် ထုပ်ပိုးပစ္စည်းများနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာနက ညွှန်ကြားထားသည့် အတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(ဠ) မိမိလက်ဝယ်ရှိ ပိုးသတ်ဆေးသို့မဟုတ်အဆိပ်ရှိပစ္စည်းများ အာနိသင်လျော့နည်းသွားကြောင်းကိုတစ်နည်းနည်းဖြင့် သိရှိပါကရောင်းချခြင်းမပြုရန်နှင့် ဖျက်ဆီးစွန့်ပစ်ရန်တို့အတွက် စိုက်ပျိုးရေးဦးစီးဌာနကညွှန်ကြားထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(ဋ) ပိုးသတ်ဆေးများကို လုံခြုံစွာ ထုပ်ပိုး၍ရောင်းချခြင်း၊ ပေါက်ပြဲနေသည့် ပိုးသတ်ဆေးအိတ်များကို လုံခြုံအောင်ပြန်လည်ထုပ်ပိုးပြီး မှတ်ပုံတင်အဖွဲ့မှ အတည်ပြုထားသောမြန်မာအညွှန်းစာဖြင့် ရောင်းချခြင်းပြုလုပ်ရမည်၊

(ဌ) ပိုးသတ်ဆေးများ၏အာနိသင်နှင့်စပ်လျဉ်း၍ မမှန်မကန်ကြော်ငြာရောင်းချခြင်း မပြုရ၊ မှတ်ပုံတင်အဖွဲ့က ခွင့်ပြုသည့်အတိုင်းသာ ကြော်ငြာရောင်းချရမည်၊

(ဎ) ပိုးသတ်ဆေးစစ်ဆေးရေးမှူးမှ လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည့်အပြင် လိုအပ်သည့်အကူအညီများပေးရမည်၊

(ဏ) ပိုးသတ်ဆေးများကို မြန်မာဘာသာ အညွှန်းစာဖြင့်သာ တင်သွင်းခြင်း၊ ပြန်လည်ထုပ်ပိုးရောင်းချခြင်းနှင့် ဖော်စပ်ထုပ်လုပ်ရောင်းချခြင်းပြုလုပ်ရမည်၊

(တ) ပြည်ပနိုင်ငံတွင် တရားဝင်မှတ်ပုံတင် ရရှိထားသော ထုတ်လုပ်သူ သို့မဟုတ် အခွင့်အာဏာလွှဲအပ်ထားသူထံမှ ဝယ်ယူကြောင်း အထောက်အထားတင်ပြရမည်၊

## အခန်း(၅)
## လိုင်စင်ရရှိသူက လိုက်နာရမည့်အချက်များ

၃၇။ ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် သက်ဆိုင်ရာခရိုင်ဦးစီးမှူးက ထုတ်ပေးသော လိုင်စင်ရရှိသူသည် အောက်ပါသတ်မှတ်ချက်များကို လိုက်နာရမည်-

(က) လိုင်စင်ကို အများမြင်သာသောနေရာတွင် ချိတ်ဆွဲထားရမည်၊

(ခ) လိုင်စင်တွင်ခွင့်ပြုထားသည့် ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကိုသာ ဖော်စပ်ထုတ်လုပ်ခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း သို့မဟုတ် ရောင်းချခြင်းပြုရမည်၊

(ဂ) ပြည်တွင်းတွင်ပိုးသတ်ဆေးဖော်စပ်ထုတ်လုပ်ခြင်း သို့မဟုတ် ပြန်လည်ထုပ်ပိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အလုပ်သမားများ၏ ကျန်းမာရေး၊ လူမှုရေးကိစ္စများနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်၊

(ဃ) ဖော်စပ်ထုတ်လုပ်သည့် သို့မဟုတ် ပြန်လည်ထုပ်ပိုးသည့် ပိုးသတ်ဆေးများ၏ အရည်အသွေးနှင့် အာနိသင်တို့နှင့်စပ်လျဉ်း၍ တာဝန်ခံရမည်။ သတ်မှတ်ထားသော အညွှန်းစာအတိုင်းသုံးစွဲပါလျှက် အရည်အသွေးမပြည့်မီသော ပိုးသတ်ဆေးများကြောင့် သီးနှံများ ထိခိုက်ပြီး စီးပွားရေးဆုံးရှုံးမှုဖြစ်လာပါက ဆုံးရှုံးမှုတန်ဘိုးကို သက်ဆိုင်ရာစစ်ဆေးရေးမှူး၏ စစ်ဆေးတင်ပြချက်ပေါ်တွင် အခြေခံလျှက် ဖြန့်ဖြူးသည့် ကုမ္ပဏီ သို့မဟုတ် အရောင်းဆိုင်မှ ပေးလျော်ရမည်၊

ဂ၅

(င) ပိုးသတ်ဆေးများကို မှတ်ပုံတင်အဖွဲ့က ထုတ်ပြန်သည့် လမ်းညွှန်ချက်အတိုင်း အန္တရာယ် ကင်းရှင်းစွာ ကိုင်တွယ်စေခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် သိုလှောင်ထိန်းသိမ်းခြင်းပြုရမည်၊

(စ) ပိုးသတ်ဆေးဖော်စပ်ထုတ်လုပ်သူ၊ ပြန်လည်ထုပ်ပိုးသူ၊ လက်လီ/လက်ကားရောင်းချသူများ သည် အောက်ပါ သတ်မှတ်ချက်များကိုလည်း လိုက်နာရမည်-

(၁) ပိုးသတ်ဆေးသိုလှောင်သည့် အဆောက်အအုံ၏ မြင်သာသော နေရာတွင် **"အန္တရာယ်ရှိသည်"** ဆိုသည့်စာတမ်းကို ထင်ရှားစွာ ချိတ်ဆွဲထားရမည်၊

(၂) ပိုးသတ်ဆေး အသွင်းအထုတ် မပြုလုပ်သည့်အချိန်တွင် သိုလှောင်ရုံကို လုံခြုံစွာ သော့ခတ်ထားရမည်၊

(၃) ပိုးသတ်ဆေး အတင်အချပြုလုပ်ရာတွင် အန္တရာယ်ကင်းစွာ ကိုင်တွယ်တတ်သူ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်၊

(၄) ပိုးသတ်ဆေးသိုလှောင်ရုံတည်နေရာနှင့် သိုလှောင်ထားသည့် အမျိုးအစားနှင့် အများဆုံးသိုလှောင်မည့်ပမာဏကို အနီးဆုံး မီးသတ်စခန်းသို့ လစဉ်ပေးပို့ထားရမည်၊

(ဆ) ပိုးသတ်ဆေးများကို လူနေအိမ်ခန်းများအတွင်း သိုလှောင်ထားခြင်းမပြုရ၊

(ဇ) ပိုးသတ်ဆေးများကို ရောင်းချရာတွင် ကုန်အမှတ်တံဆိပ်နှင့် မြန်မာဘာသာ ပြန်ဆိုထားသောအညွှန်းစာ ပူးတွဲပါရှိရမည်။ ယင်းအညွှန်းစာကို မှတ်ပုံတင်အဖွဲ့၏ အတည်ပြုချက်ရယူပြီး ဖြစ်ရမည်၊

(ဈ) မှတ်ပုံတင်အဖွဲ့က အခါအားလျော်စွာ ကန့်သတ်သည့် ပိုးသတ်ဆေးများနှင့် စပ်လျဉ်း၍ ပိုးသတ်ဆေးကိုင်တွယ် သုံးစွဲခွင့်လက်မှတ်ရရှိပြီးသူများကိုသာ ရောင်းချရမည်၊

(ည) ပိုးသတ်ဆေးကိုလက်ကား သို့မဟုတ် လက်လီရောင်းချသည့်ကိစ္စတွင် အရောင်းပြေစာဖြင့် ရောင်းချခြင်း၊ ဝယ်ယူသူများ၏ အမည်စာရင်းနှင့် ဝယ်ယူသည့်ပမာဏကို မှတ်ပုံတင်စာအုပ်တွင် နေ့စဉ်ရေးသွင်းခြင်း၊ အရောင်းပြေစာနှင့် မှတ်ပုံတင်စာအုပ်ကို သက်ဆိုင်ရာဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးက လာရောက်စစ်ဆေးသည့်အခါ တင်ပြခြင်းပြုရမည်၊

(ဋ) ပိုးသတ်ဆေးများကို အစားအသောက်များ၊ ဆေးဝါးများ၊ လူသုံးကုန်၊ အလှကုန်များနှင့် ပုံစံတူထုပ်ပိုးရောင်းချခြင်းသော်လည်းကောင်း၊ လမ်းဘေးတွင် ရောင်းချခြင်းသော်လည်းကောင်း မပြုရ၊

(ဌ) ပိုးသတ်ဆေးများကို လုံခြုံစွာ ထုပ်ပိုး၍ ရောင်းချရမည်။ ပေါက်ပြဲနေသည့် ပိုးသတ်ဆေး အထုပ်များ၊ ဘူးများကို ရောင်းချခြင်းမပြုရ၊

(ဍ) ကုန်အမှတ်တံဆိပ်နှင့်အညွှန်းစာမပါရှိသော ပိုးသတ်ဆေးများကိုရောင်းချခြင်းမပြုရ၊

(ဎ) ဈေးကွက်သို့ရောက်ရှိပြီးသော ပိုးသတ်ဆေးနှင့် အဆိပ်ရှိပစ္စည်းများသည် အကြောင်းတစ်ခုခုကြောင့် ရောင်းချရန်မသင့်လျော်ပါကြောင်း စစ်ဆေးတွေ့ရှိလျှင် ယင်းတို့ကို ပြန်လည်သိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်က ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(ဏ) ပိုးသတ်ဆေးများကို သက်ဆိုင်ရာဦးစီးမှူးကဖြစ်စေ၊ စစ်ဆေးရေးမှူးကဖြစ်စေ လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကိုခံယူရမည့်အပြင် လိုအပ်သည့်အကူအညီများ ပေးရမည်၊

(တ) ပိုးသတ်ဆေးအရည်အသွေးစစ်ဆေးရန်အတွက် နမူနာ တောင်းခံလာပါက သတ်မှတ်သည့်နည်းလမ်းအတိုင်း သတ်မှတ်ထားသည့် နမူနာအရေအတွက် သို့မဟုတ် အလေးချိန်ကို နမူနာရယူသည့် လက်မှတ်ပုံစံ(၁၂)ဖြင့် သက်ဆိုင်ရာဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးအား အခမဲ့ရယူခွင့်ပြုရမည်၊

(ထ) လက်လီလက်ကားရောင်းချခွင့် လိုင်စင်တစ်ခုလျှင် အရောင်းဆိုင် တစ်ဆိုင်သာဖွင့်ရမည်၊

(ဒ) လိုင်စင်ရရှိသူသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များကိုလည်း လိုက်နာဆောင်ရွက်ရမည်၊

(ဓ) ပိုးသတ်ဆေးဖြန့်ဖြူးရောင်းချခြင်း ဆောင်ရွက်လိုသူသည် သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးထံမှ ခွင့်ပြုချက်ရရှိထားသော လက်လီလက်ကားရောင်းချခွင့်လိုင်စင် ကိုင်ဆောင်ထားသူဖြစ်ရမည်၊

(န) ပိုးသတ်ဆေးတွင် ပါဝင်သော အဆိပ်ရှိပစ္စည်းများကို တင်သွင်းခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ ထုတ်လုပ်ရောင်းချခြင်း၊သိုလှောင်ခြင်းလုပ်ငန်း လုပ်ကိုင်သည့် ကိစ္စရပ်အားလုံးတွင် စွန့်ပစ်ရေများ၊ ရေသန့်စင်ရေးနှင့် အခြားစွန့်ပစ်ပစ္စည်း သန့်စင်ရေးလုပ်ငန်းများဆိုင်ရာ စီမံခန့်ခွဲမှု စနစ်များကြိုတင်ဆောင်ရွက် ထားရမည်၊

## အခန်း(၆)
## ပိုးသတ်ဆေးသုံးစွဲသူက လိုက်နာရမည့်စည်းကမ်းများ

၃၈။ ပိုးသတ်ဆေးသုံးစွဲသူသည် ဥပဒေပုဒ်မ ၂၆ပါ စည်းကမ်းများကို လိုက်နာရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) သီးနှံအလိုက် သတ်မှတ်ပေးထားသည့် ပိုးသတ်ဆေးအမျိုးအစားကို သတ်မှတ်သည့်နည်းလမ်းအတိုင်းသာ သုံးစွဲရမည်၊

(ခ) အိမ်တွင်းသုံးပိုးသတ်ဆေးများမှအပ အခြားပိုးသတ်ဆေးများကို လူနေအိမ်ခန်းများအတွင်း ထားရှိခြင်းမပြုရ၊

(ဂ) မရိတ်သိမ်းသေးသည့် စားသုံးသီးနှံတွင် ပိုးသတ်ဆေးသုံးစွဲထားပါက အညွှန်းစာပါသတ်မှတ်ထားသည့်အတိုင်း ရိတ်သိမ်းရန်စောင့်ဆိုင်းရမည့်အချိန်ကာလ ကုန်ဆုံးပြီးနောက်မှသာ ရိတ်သိမ်းခြင်း၊ ရောင်းချခြင်းပြုရမည်၊

(ဃ) သက်ဆိုင်ရာဦးစီးမှူးသို့မဟုတ် စစ်ဆေးရေးမှူးက ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုပမာဏစစ်ဆေးရန်လိုအပ်၍ သီးနှံနမူနာတောင်းခံလာလျှင် နမူနာရယူရန် သတ်မှတ်သည့်နည်းလမ်းအတိုင်း သတ်မှတ်ထားသည့်နမူနာအရေအတွက် သို့မဟုတ် အလေးချိန်ကို အခမဲ့ရယူခွင့်ပြုရမည်၊

(င) နမူနာယူသည့် လက်မှတ်ပုံစံ (၁၅) ကို စစ်ဆေးရေးမှူးထံမှ တောင်းဆိုရန် တာဝန်ရှိသည်၊

(စ) စားသုံးရန်သီးနှံနှင့်စပ်လျဉ်း၍ ရိတ်သိမ်းပြီးနောက် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုပမာဏသည် သတ်မှတ်ချက်ထက်ကျော်လွန်လျှင် စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့်အမိန့်အတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(ဆ) မှတ်ပုံတင်ခွင့်ပြုချက်မရသော၊ ပိတ်ပင်တားဆီးထားသော ပိုးသတ်ဆေးများကို သုံးစွဲခြင်းမပြုရ၊

၃၉။ စိုက်ပျိုးရေးလုပ်ငန်း၊ မြို့ရွာသန့်ရှင်းရေး၊ ခြင်၊ ယင်၊ ကြွက်နှင့် အိမ်တွင်းပိုးမွှားများ၊ အခြားပိုးမွှားများ နှိမ်နင်းရေးလုပ်ငန်းများတွင် ပိုးသတ်ဆေးသုံးစွဲသည့် အစိုးရဌာနများနှင့် အများပြည်သူတို့သည် မှတ်ပုံတင်အဖွဲ့ကထုတ်ပြန်သည့်အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း လိုက်နာသုံးစွဲရမည်။

## အခန်း (၇)
## ညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/မြို့နယ်ဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးများက တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ခြင်း

၄၀။ အပိုဒ်၂၁ အရ ပြည်ပမှပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းတင်သွင်းလိုသူက တင်ပြလာသော ပိုးသတ်ဆေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်မည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့က စိစစ်ပြီးနောက် တင်သွင်းခွင့်ရရှိရေးအတွက် ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနသို့ လိုအပ်သလို ဆောင်ရွက်ပေးရန် ထောက်ခံပေးနိုင်သည်။

၄၁။ မှတ်ပုံတင်အဖွဲ့နှင့် ဦးစီးဌာနသည် ပိုးသတ်ဆေးများအရည်အသွေးနှင့်ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးနည်း၊ ဓာတ်ခွဲစစ်ဆေးရန်နမူနာရယူနည်း၊ စားသုံးသီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု ဓာတ်ခွဲစစ်ဆေးရန် နမူနာရယူနည်းတို့နှင့် စပ်လျဉ်း၍ အမိန့်ထုတ်ပြန် သတ်မှတ်ပေးရမည်။

၄၂။ ညွှန်ကြားရေးမှူးချုပ်သည် စစ်ဆေးရေးမှူးများအား ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးရေးလုပ်ငန်းများကို ဆောင်ရွက်ရန် -

(က) တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အဆင့်ကြီးကြပ်စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

| | | |
|---|---|---|
| (၁) | ဒု-တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး | အဖွဲ့ခေါင်းဆောင် |
| (၂) | တိုင်းဒေသကြီး/ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံ | အဖွဲ့ဝင် |
| (၃) | တိုင်းဒေသကြီး/ပြည်နယ်မျိုးစေ့တာဝန်ခံ | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီး/ပြည်နယ်မြေအသုံးချရေးတာဝန်ခံ | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူးက တာဝန်ပေးအပ်သည့်အရာထမ်းတစ်ဦး | အဖွဲ့ဝင် |

(ခ) ခရိုင်အဆင့် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

| | | |
|---|---|---|
| (၁) | ခရိုင်ဦးစီးမှူး | အဖွဲ့ခေါင်းဆောင် |
| (၂) | ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ | အဖွဲ့ဝင် |
| (၃) | ခရိုင်မျိုးစေ့တာဝန်ခံ | အဖွဲ့ဝင် |
| (၄) | ခရိုင်မြေအသုံးချရေးတာဝန်ခံ | အဖွဲ့ဝင် |
| (၅) | ခရိုင်ဦးစီးမှူးမှ တာဝန်ပေးအပ်သည့် အမှုထမ်းတစ်ဦး | အဖွဲ့ဝင် |

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် လိုအပ်ပါကစစ်ဆေးရေးအဖွဲ့များကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄၃။ ပိုးသတ်ဆေးများ ကိုင်တွယ်သုံးစွဲခြင်း၊ လက်လီ/လက်ကားရောင်းချခြင်းတို့နှင့် စပ်လျဉ်း၍ အန္တရာယ်ကင်းစေရန် ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲသူသင်တန်းများကို တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/မြို့နယ်များတွင် အခါအားလျော်စွာ ဖွင့်လှစ်ပေးရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးက ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ရုံးထံတင်ပြ၍ စီစဉ်ဆောင်ရွက်ရမည်။

၄၄။ ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲသူသင်တန်းတွင် ရှေးဦးသူနာပြုနည်းများကိုပါ သင်ကြားပို့ချနိုင်ရန် သက်ဆိုင်ရာဦးစီးမှူးက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် သို့မဟုတ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး၏ အကူအညီကိုရယူပြီး ဆောင်ရွက်ရမည်။

၄၅။ ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲသူသင်တန်း တက်ရောက်အောင်မြင်ပြီးသူများကိုသာ ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့် လက်မှတ်ရသူအဖြစ် ဦးစီးဌာနက လက်မှတ်ထုတ်ပေး ရမည်။

၄၆။ ပိုးသတ်ဆေး ကိုင်တွယ်သုံးစွဲခွင့်လက်မှတ်ရသူများနှင့် ပိုးသတ်ဆေးသုံးစွဲမှုများသော နယ်မြေဒေသရှိတောင်သူများတွင် ပိုးသတ်ဆေးအဆိပ်သင့်မှု ရှိ/မရှိ လိုအပ်သောစစ်ဆေးမှုများကို သက်ဆိုင်ရာဦးစီးမှူးက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် သို့မဟုတ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့်ပူးပေါင်းလျက် အခါအားလျော်စွာစစ်ဆေးခြင်းနှင့်မှတ်တမ်းတင်ခြင်းပြုလုပ်ရမည်။

၄၇။ သက်ဆိုင်ရာမြို့နယ်ဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးများသည် ပိုးသတ်ဆေး အရည်အသွေးစစ်ဆေးရန် ဈေးကွက်မှရယူထားသည့်နမူနာကို နမူနာရယူသည့် လက်မှတ်မိတ္တူနှင့်အတူ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ပိုးသတ်ဆေးဓာတ်ခွဲခန်းသို့ မူလအခြေအနေအတိုင်း ရောက်ရှိရန် ပေးပို့ရမည်။

၄၈။ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ပိုးသတ်ဆေးဓာတ်ခွဲခန်းသည် ပိုးသတ်ဆေးအရည်အသွေး စစ်ဆေးတွေ့ရှိချက် သက်သေခံလက်မှတ်ကို **ပုံစံ(၁၃)**ဖြင့် သက်ဆိုင်ရာဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူး၊ နမူနာပိုင်ရှင်တို့ထံ တစ်စောင်စီထုတ်ပေးရမည်။ အရည်အသွေး လျော့နည်းကြောင်း စစ်ဆေးတွေ့ရှိလျှင် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့ အမြန်ဆုံးတင်ပြရမည်။

၄၉။ ပိုးသတ်ဆေးတင်သွင်းသူ သို့မဟုတ် လိုင်စင်ရရှိသူ၏ လက်ဝယ်ရှိ အာနိသင်လျော့နည်းသွားကြောင်း တစ်နည်းနည်းဖြင့် စစ်ဆေးတွေ့ရှိရသော ပိုးသတ်ဆေး၊ အဆိပ်ရှိပစ္စည်း သို့မဟုတ်

အကြောင်းတစ်ခုခုကြောင့် စွန့်ပစ်ရန်ရှိသော ပိုးသတ်ဆေး၊ အဆိပ်ရှိပစ္စည်း သို့မဟုတ် ထုပ်ပိုးပစ္စည်းများနှင့်စပ်လျဉ်း၍ ဖျက်ဆီးစွန့်ပစ်ခြင်းတို့ကို ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ပေးရမည်။

၅၀။ အများပြည်သူများ၏ အကျိုးငှာ ရိတ်သိမ်းပြီးဖြစ်သည့်သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုပမာဏ သတ်မှတ်ချက်ထက်ကျော်လွန်ခြင်းရှိ/မရှိ စစ်ဆေးရန် လိုအပ်လျှင် သက်ဆိုင်ရာဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးက နမူနာရယူရန် သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း သတ်မှတ်ထားသည့် နမူနာအရေအတွက် သို့မဟုတ် အလေးချိန်ကို အခမဲ့ရယူနိုင်ခွင့်ရှိသည်။ ထိုသို့ရယူရာတွင် သက်ဆိုင်ရာဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးက နမူနာရယူသည့် လက်မှတ်ကို **ပုံစံ(၁၅)** ဖြင့် ထုတ်ပေးရမည်။

၅၁။ သက်ဆိုင်ရာမြို့နယ်ဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးသည် အပိုဒ် ၅၀ အရ ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုစစ်ဆေးရန် ရယူထားသည့်နမူနာကို နမူနာရယူသည့် လက်မှတ်မိတ္တူနှင့်အတူ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ပိုးသတ်ဆေးဓာတ်ခွဲခန်းသို့ မူလအခြေအနေအတိုင်း ရောက်ရှိစေရန်ပေးပို့ရမည်။ စိုက်ပျိုးရေးဦးစီးဌာန၊ပိုးသတ်ဆေးဓာတ်ခွဲခန်းသည် စစ်ဆေးပြီးနောက် ပိုးသတ်ဆေးဓာတ်ကြွင်းစစ်ဆေးတွေ့ရှိချက် သက်သေခံလက်မှတ်ကို **ပုံစံ(၁၆)**ဖြင့် သက်ဆိုင်ရာဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူး၊ နမူနာပိုင်ရှင်တို့ထံ တစ်စောင်စီ ထုတ်ပေးရမည်။ ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု ပမာဏသည် သတ်မှတ်ချက်ထက် ကျော်လွန်နေကြောင်း စစ်ဆေးတွေ့ရှိလျှင် ညွှန်ကြားရေးမှူးချုပ်ထံသို့ အမြန်ဆုံးတင်ပြရမည်။

## အခန်း(၈)
## အထွေထွေ

၅၂။ စိုက်ပျိုးရေးဦးစီးဌာနသည် ဤဥပဒေနှင့်အညီ ရရှိသောဝင်ငွေများအတွက် သက်ဆိုင်ရာဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ထားရှိရမည်။

၅၃။ စိုက်ပျိုးရေးဦးစီးဌာနသည် အပိုဒ် ၅၂ အရ ရရှိသောဝင်ငွေများ လက်ခံရယူခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေနည်းဥပဒေများနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က အခါအားလျော်စွာ ထုတ်ပြန်သည့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရ မည်။

၅၄။ ပြည်ပမှ တင်သွင်းလာသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းများကို အရည်အသွေးစစ်ဆေးမှုခံယူရန်အတွက် အပိုဒ် ၃၆(က) အရ ရယူသည့်နမူနာများနှင့်အတူ **ပုံစံ(၁၁)** ဖြင့် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲသို့ မပျက်မကွက်လျှောက်ထားရမည်။ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ပိုးသတ်ဆေးဓာတ်ခွဲခန်းသည် ပိုးသတ်ဆေးအရည်အသွေးစစ်ဆေးတွေ့ရှိချက် သက်သေခံလက်မှတ်ကို **ပုံစံ (၁၃)** ဖြင့် စစ်ဆေးရေးမှူး၊ နမူနာပိုင်ရှင်တို့ထံ (၁) စောင်စီ ထုတ်ပေးရမည်။ အရည်အသွေးလျော့နည်းကြောင်း စစ်ဆေးတွေ့ရှိလျှင် ညွှန်ကြားရေးမှူးချုပ်ထံ အမြန်ဆုံးတင်ပြရမည်။

၅၅။ ပြည်တွင်း၌ဖော်စပ်ထုတ်လုပ်သော ပိုးသတ်ဆေးလိုင်စင်ရရှိသူ၏ လက်ဝယ်ရှိပိုးသတ်ဆေးများကို စစ်ဆေးလိုလျှင်လည်းကောင်း၊ သုံးစွဲသူမှ အရည်အသွေးမပြည့်မီဟု ယူဆသော ဈေးကွက်အတွင်းရှိ မှတ်ပုံတင်ခွင့်ပြုချက်ရထားသည့် ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဓာတ်ခွဲစစ်ဆေးလိုလျှင်

လည်းကောင်း၊ သက်ဆိုင်ရာမြို့နယ်ဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးများနှင့်အတူ နမူနာရယူရန် သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း သတ်မှတ်ထားသည့်နမူနာအရေအတွက် သို့မဟုတ် အလေးချိန်များနှင့်အတူ **ပုံစံ(၁၁)**ကိုပင် ဖြည့်သွင်း၍ လျှောက်ထားရမည်။ စစ်ဆေးပြီးနောက် ပိုးသတ်ဆေးအရည်အသွေး စစ်ဆေးတွေ့ရှိချက် သက်သေခံလက်မှတ်ကို **ပုံစံ(၁၃)** ဖြင့် ထုတ်ပေးရမည်။

၅၆။ စိုက်ပျိုးရေးဦးစီးဌာနသည် အပိုဒ် ၅၄ အရ ပြည်ပမှ တင်သွင်းလာသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို စစ်ဆေးရာတွင် ကျသင့်သော စစ်ဆေးစမ်းသပ်ခကို မြန်မာကျပ်ငွေဖြင့် ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့်အတိုင်း ရယူရမည်။ ထို့အပြင် အပိုဒ် ၅၅ အရ ပြည်တွင်း၌ ဖော်စပ်ထုတ်လုပ်သောပိုးသတ်ဆေးနှင့် လိုင်စင်ရရှိသူ၏လက်ဝယ်ရှိ ပိုးသတ်ဆေးများကို စစ်ဆေးရာတွင်လည်းကောင်း၊ သုံးစွဲသူမှအရည်အသွေး မပြည့်မီဟုယူဆသော ဈေးကွက်အတွင်းရှိ မှတ်ပုံတင်ခွင့်ပြုချက်ရထားသည့် ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဓာတ်ခွဲစစ်ဆေးရာတွင်လည်းကောင်း၊ မြန်မာကျပ်ငွေဖြင့် ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့်အတိုင်း ရယူရမည်။

၅၇။ သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု ပမာဏကို စစ်ဆေးပေးရန် **ပုံစံ(၁၄)** ဖြင့် လျှောက်ထားလာပါက နမူနာရယူရန် သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း သတ်မှတ်ထား သည့် နမူနာအရေအတွက် သို့မဟုတ် အလေးချိန်နှင့်အတူ ကျသင့်သောဓာတ်ခွဲစမ်းသပ်ခကို သတ်မှတ်သည့် မြန်မာကျပ်ငွေဖြင့် သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း ပေးပို့လာလျှင် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ပိုးသတ်ဆေးဓာတ်ခွဲခန်းကစစ်ဆေးပေးနိုင်သည်။ ယင်းသို့ စစ်ဆေးပြီးနောက် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု စစ်ဆေးတွေ့ရှိချက် သက်သေခံလက်မှတ်ကို **ပုံစံ(၁၆)** ဖြင့် ထုတ်ပေးရမည်။

၅၈။ ပြည်ပမှတင်သွင်းလာသော ပိုးသတ်ဆေးလိုင်စင်ရရှိသူ၏ လက်ဝယ်ရှိ ပိုးသတ်ဆေးတို့သည် မှတ်ပုံတင်စဉ်က တင်ပြထားသည့်အရည်အသွေး၊ အချက်အလက်များနှင့် ကိုက်ညီမှု ရှိ/မရှိကို ဓာတ်ခွဲစမ်းသပ်သည့်ကိစ္စမှတပါး ပိုးသတ်ဆေး၏အာနိသင်နှင့် သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုဓာတ်ခွဲစမ်းသပ်ခြင်းများကို မှတ်ပုံတင်အဖွဲ့က အသိအမှတ်ပြုထားသည့် ဓာတ်ခွဲခန်းများကစစ်ဆေးပေးနိုင်သည်။ အကယ်၍ ဓာတ်ခွဲစမ်းသပ်စစ်ဆေးတွေ့ရှိချက်များနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာလျှင် စိုက်ပျိုးရေးဦးစီးဌာန၊ ပိုးသတ်ဆေးဓာတ်ခွဲခန်း၏စစ်ဆေးတွေ့ရှိချက်သည် အပြီးအပြတ်ဖြစ်စေ ရမည်။

၅၉။ မှတ်ပုံတင်အဖွဲ့က ပိုးသတ်ဆေးစစ်ဆေးနိုင်ကြောင်း အသိအမှတ်ပြုထားသည့် ဓာတ်ခွဲခန်းများသည် ဓာတ်ခွဲသည့်နည်းစနစ်များ တူညီရေး၊ ဓာတ်ခွဲတွေ့ရှိချက် ရလာဒ်များမှန်ကန်ရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ပိုးသတ်ဆေးဓာတ်ခွဲခန်းနှင့် ပူးပေါင်းလေ့လာမှု ပြုရမည်။

၆၀။ စိုက်ပျိုးရေးဦးစီးဌာနသည် မှတ်ပုံတင်ထားသော ပိုးသတ်ဆေးများနှင့်စပ်လျဉ်း၍ လက်တွေ့သုံးစွဲရာတွင် သီးနှံဖျက်ပိုးမွှားများကို ထိရောက်စွာနှိမ်နင်းနိုင်စွမ်း ရှိ/မရှိ၊ သုံးစွဲသူများအတွက်လည်း စီးပွားရေးတွက်ခြေကိုက်မှု ရှိ/မရှိ နှင့် လူ၊ တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်တို့အား အန္တရာယ် ရှိ/မရှိစသည့်အချက်များကို အခါအားလျော်စွာ စိုက်ခင်းစမ်းသပ်မှုများ ပြုလုပ်၍ ပြန်လည်ဆန်းစစ်ပြီး ရရှိသည့်အထောက်အထားအချက်အလက်များကို မှတ်ပုံတင်အဖွဲ့ထံသို့ အခါအားလျော်စွာ တင်ပြအစီရင်ခံရမည်။

၆၁။ ပြည်ပသို့တင်ပို့သည့်သီးနှံများ၊သစ်တောထွက်ပစ္စည်း၊ သိုလှောင်သီးနှံများနှင့် အခြားပစ္စည်းများ၊ ဂိုဒေါင်များ၊ အဆောက်အအုံများနှင့်လူနေအိမ်ဝန်းကျင်များ၊ သိုလှောင်သည့်နေရာ၊ သယ်ဆောင် ယာဉ်နှင့် ကုန်သေတ္တာများ ပိုးသတ်ဆေးပက်ဖျန်းခြင်း သို့မဟုတ် အဆိပ်ငွေ့မှိုင်းတိုက်ခြင်းကိစ္စတွင် မှတ်ပုံတင်အဖွဲ့က အသိအမှတ်ပြုသည့်အစိုးရဌာနနှင့် အဖွဲ့အစည်းများကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၆၂။ စိုက်ပျိုးရေးဦးစီးဌာနသည် မှတ်ပုံတင်ထားသော ပိုးသတ်ဆေးများကို သုံးစွဲသူများက အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်ရေးအတွက် အခါအားလျော်စွာ ပညာပေးစာစောင်များ ရိုက် နှိပ်၍ အခမဲ့ ဖြန့်ဖြူးပေးရမည်။

၆၃။ မှတ်ပုံတင်ထားခြင်းမရှိသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလာခြင်းမရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနသည် သက်ဆိုင်ရာအစိုးရဌာနများနှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။

(ဒေါက်တာရဲတင့်ထွန်း)
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ပမဟ - ၃ / ၂၀၁၉ (၄၆၇)
ရက်စွဲ၊ ၂၀၁၉ခုနှစ်၊ ဇူလိုင် လ (၁၀) ရက်။

ဖြန့်ဝေခြင်း-
- နိုင်ငံတော်သမ္မတရုံး၊
- သမ္မတဦးစီးရုံး
- ဒုတိယသမ္မတ(၁) ဦးစီးရုံး
- ဒုတိယသမ္မတ(၂) ဦးစီးရုံး
- ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
- ပြည်ထောင်စုလွှတ်တော်ရုံး
- ပြည်သူ့လွှတ်တော်ရုံး
- အမျိုးသားလွှတ်တော်ရုံး
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
- နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
- ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ဝင်များအားလုံး
ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်း အပိုင်း(၁)တွင်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြော်ငြာပေးပါရန်
ဤဝန်ကြီးဌာနရှိ ဦးစီးဌာနအားလုံး

ပုံစံ(၁)

# ပိုးသတ်ဆေးမှတ်ပုံတင်ရန် သို့မဟုတ် ပြင်ဆင်မှတ်ပုံတင်ရန်လျှောက်လွှာ

ရက်စွဲ------------

သို့

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့

၁။ လျှောက်ထားသူ၏ အမည်နှင့်လိပ်စာ------------------------------------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြား/အမျိုးသားမှတ်ပုံတင်/ နိုင်ငံခြားသား မှတ်ပုံတင်အမှတ်------------

၃။ လျှောက်ထားသည့် မှတ်ပုံတင်အမျိုးအစား----------------------------------------------

၄။ ပိုးသတ်ဆေးကုန်သွယ်မှုအမည်-------------------------------------------------

၅။ ပါဝင်သည့် အဆိပ်ရှိပစ္စည်းအမည်နှင့် ပြင်းအား၊ ဖော်စပ်သည့်ပုံစံ------------------------------
----------------------------------------------------------------------------------------

၆။ ထုတ်လုပ်သူ/ဖော်စပ်သူ၏အမည်နှင့်လိပ်စာ--------------------------------------------

၇။ တင်သွင်း/ဖြန့်ဖြူးရန်အဆိုပြုသည့် ပုဂ္ဂိုလ်/ အဖွဲ့အစည်း၏ အမည်နှင့်လိပ်စာ-----------------
----------------------------------------------------------------------------------------

၈။ ထုပ်ပိုး/ ထည့်သွင်းသည့် ပစ္စည်းအမျိုးအစားနှင့်အရွယ်အစား-------------------------------

၉။ လျှောက်လွှာနှင့်အတူမပျက်မကွက်ပူးတွဲတင်ပြရန်လိုအပ်သည့် အချက်များ-

(က) ပိုးသတ်ဆေးနှင့်ပတ်သက်သည့် အချက်အလက်များစာတမ်းမိတ္တူ(၃)စုံ၊

(ခ) အသုံးပြုရန်အဆိုပြုတင်ပြသည့် တံဆိပ်(အညွှန်းစာ)(၃)စုံ(မြန်မာဘာသာပြန်ဆိုချက်ဖြင့်)၊

(ဂ) အဆိပ်ရှိပစ္စည်းပါဝင်မှု တိကျစွာဖော်ပြထားသည့် ပိုးသတ်ဆေး(၁)ဂရမ် (၂) ပုလင်း၊

(ဃ) အဆိပ်ရှိပစ္စည်း တစ်မျိုးထက် ပိုမိုပါဝင်လျှင် ပါဝင်သည့် ပိုးသတ်ဆေးအမျိုးအစားပေါ် မူတည်၍ ဖော်ပြသည့် စံပိုးသတ်ဆေးများအား သီးခြားစီပေးပို့ရန်၊

(င) စက်ရုံထုတ်အဆင့် အဆိပ်ရှိပစ္စည်းအပြင်းတွင်ပါဝင်သည့် အဆိပ်အတောက်ဖြစ်နိုင်သော မသန့်သည့်ပစ္စည်းများ သို့မဟုတ် အစွမ်းမဲ့ပစ္စည်းများ (ယာယီ/ အပြည့်အဝမှတ်ပုံတင်ခွင့် လျှောက်ထားရာတွင်) အားတိုင်းတာစစ်ဆေးရန်အတွက် ယင်းတို့၏ စံနမူနာ (၀.၅)ဂရမ်၊

